## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## (၁၄)ရက်မြောက်နေ့ အစည်းအဝေး အကျဉ်းချုပ်

## ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်

## ( ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက် )

[ အင်္ဂါနေ့ ]

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) ဦးအောင်မျိုးလတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ **နိုင်ငံတော်မှ ဘဏ္ဍာရေးနှစ် ပြောင်းလဲခြင်း၏ အဓိကရည်ရွယ်ချက်များဖြစ်သော ဘတ်ဂျက်များ အလေအလွင့်မရှိစေရေး၊ တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေး ပြည့်မီစွာ အချိန်မီ ပြီးစီးနိုင်ရေးတို့အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဒီဇင်ဘာလ သို့မဟုတ် ဇန်နဝါရီလအတွင်း တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန် စီစဉ်ထားခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မြေနေရာအတည်ပြုခြင်း၊ ဒီဇိုင်းပုံစံနှင့် ခန့်မှန်းခြေစာရင်း ပြည့်စုံစွာရေးဆွဲခြင်းများ ကြိုတင်ဆောင်ရွက်ထားရှိပါက ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ဒီဇင်ဘာလ သို့မဟုတ် ဇန်နဝါရီလအတွင်း တည်ဆောက်ရေးလုပ်ငန်းများ စတင်နိုင်မည်ဖြစ်ပြီး ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်း၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့မှ ပေးပို့သော အချက်အလက်များနှင့် ပေါင်းစပ်၍ ရှင်းလင်းဖြေကြားသည်။

(ခ) စောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နှင့် ကျိုက်ဒုံမြို့သို့ ဆက်သွယ်ထားသော ကော့ကရိတ် – အစွန်း – လမ်းဖား – ကျိုက်ဒုံ လမ်းအား ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အပြီးသတ် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် တွင် အပြီးသတ်ဆောင်ရွက်သွားရန် အစီအစဉ်မရှိသေးကြောင်း၊ ဘဏ္ဍာရေးနှစ် အလိုက် ရန်ပုံငွေတောင်းခံပြီး ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဂ) ဦးဆီဟူးဒွေ့၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **မြစ်ကြီးနားမြို့မှ ဆင်ဘို မြို့သို့ ဆက်သွယ်ဖောက်လုပ်လျက်ရှိသော မြစ်ကြီးနား – ဆင်ဘို – မြို့လှ – ကသာ ခရိုင်ချင်းဆက်လမ်း၏ မြစ်ကြီးနား – ဟိုကပ် – ဆင်ဘို လမ်းပိုင်းအား မြေသားလမ်းမှ ကျောက်ခင်းလမ်းအဖြစ် အဆင့်တိုးမြှင့် ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က မြစ်ကြီးနားမြို့နယ်၊ အကျဲကျေးရွာမှ ဟိုကပ် ကျေးရွာအထိ ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းနှင့် ဟိုကပ်ကျေးရွာအဝင် အရှည်(၂၀)ပေ ချောင်းကူးကွန်ကရစ် တံတားတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု ဘဏ္ဍာငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေ ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဃ) ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်ရှိ မြို့မဈေး(ခေါ်)မင်္ဂလာဈေးအား မြို့အင်္ဂါရပ်နှင့်ညီသော အဆင့်မြင့် ဈေးအဖြစ် တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်း က ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် များအတွင်း ဈေးတည်ဆောက်ခြင်းများအတွက် ခွင့်ပြုရန်ပုံငွေ တင်ပြတောင်းခံထားခြင်းမရှိကြောင်း၊ မင်္ဂလာဈေးအရှေ့ဘက် ဈေးရုံ(၄)ရုံအား အဆင့်မြင့်ဈေးအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ရန်အတွက် ဈေးသူဈေးသားများနှင့် ညှိနှိုင်းခြင်း၊ Design ပုံစံရေးဆွဲ၍ ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်းတို့ ဆောင်ရွက်ပြီး သင့်လျော်သည့် ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေလျာထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ရှင်းလင်းဖြေကြားသည်။

(င) ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ရှမ်းပြည်နယ်၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်တွင် တိုင်းရင်းသားပေါင်းစုံ အသုံးပြုမည့် စုပေါင်းသုသာန်အတွက် မီးသင်္ဂြိုဟ်စက် ခွင့်ပြုပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်း က စည်ပင်သာယာရေးကော်မတီမှ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သောကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

(စ) ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ် တရားရုံးအပါအဝင် မွန်ပြည်နယ်အတွင်းရှိ ဖွဲ့စည်းပုံအင်အားနှင့် လုပ်ငန်းပမာဏ မျှတခြင်းမရှိသော မြို့နယ်တရားရုံးများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစ၍ လိုအပ်သလို ဖွဲ့စည်းပုံအဆင့် တိုးမြှင့်သတ်မှတ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီး ဦးမျိုးတင့် က ပြည်ထောင်စုအစိုးရအဖွဲ့၏ ၆-၆-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၁၉)၏ မူဝါဒအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်တို့သည် ဖွဲ့စည်းပုံခွင့်ပြုအင်အား၏ (၇၅%)သာ ဝန်ထမ်းအင်အားခန့်ထားခွင့်ရှိပြီး ကျိုက်ထိုမြို့နယ်တရားရုံး**တွင်** **(**၇၅%)ထက် ပိုမိုဖြည့်တင်းခန့်ထား ဆောင်ရွက်လျက်ရှိသဖြင့် ကျိုက်ထိုမြို့နယ်တရားရုံးအပါအဝင် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံးများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစ၍ ဖွဲ့စည်းပုံအဆင့် တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်မရှိကြောင်း ရှင်းလင်းဖြေကြားသည်။

**အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်းနှင့် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

၃။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှငွေး(ခ)ဒေါ်အုန်းကြည် (ဥပဒေကြမ်းကော်မတီဝင်)က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားမှတ်တမ်းနှင့် မော်ကွန်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး ဥက္ကဋ္ဌ က ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**အဆို ဆွေးနွေးခြင်း**

၄။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း ၏ **ရေးအစဉ်အဆက် အသုံးပြုခဲ့သော ကျေးလက်နေ ပြည်သူများထိန်းသိမ်းသည့် မိုးရေကန်များ၊ သောက်သုံးရေကန်များ၊ ဆည်ငယ်/တမံငယ်များကို ရေချိုမိုးရေ စုဆောင်း သိုလှောင်ရန်၊ သောက်သုံးရေရရှိရန်၊ မြေအောက်ရေ ဖြည့်ဆည်းရန်၊ လုပ်ကွက်ငယ် တောင်သူများ စိုက်ပျိုးရေရရှိရန်၊ သဘာဝဂေဟစနစ် မပျက်ရန် အတွက် ကန်တူးပေးခြင်း၊ ကန်ပေါင်ဆယ်ပေးခြင်း၊ ကန်ငယ်၊ ဆည်ငယ်၊ တမံငယ်များကို ပြုပြင် ထိန်းသိမ်းရန်နှင့် အသစ်တိုးချဲ့ တည်ဆောက်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၆)ဦးက ဆွေးနွေး**သည်။**

၅။ အစည်းအဝေးကို ၁၁:၃၅ နာရီ အချိန်တွင် ရပ်နားပြီး (၁၅)ရက်မြောက်နေ့ အစည်းအဝေးကို ၂၉-၈-၂၀၁၉ ရက်နေ့ (ကြာသပတေးနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**